**သတင်းထုတ်ပြန်ချက်** ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့

**အလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် မြန်မာအစိုးရအနေဖြင့် အလုပ်သမားဥပဒေများနှင့် မူဝါဒများကို ပြင်ဆင်ရေးဆွဲရန်လိုသည်။**

ရှေ့ပြေးအသံမှ ထုတ်ပြန်သည်

[ရန်ကုန်၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့] – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သောအစိုးရသည် ပြဿနာများရှိနေသည့် အလုပ်သမားဥပဒေများကို ပြင်ဆင်ကာ အလုပ်သမားအခွင့်အရေးများ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းရှိ အလုပ်သမားများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာကာကွယ်စောင့်ရှောက် အားပေး မြှင့်တင်ပေးနိုင်မည့်မူဝါဒများ ပြဋ္ဌာန်းရန်လိုအပ်သည်ဟု ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာတွင် ရှေ့ပြေးအသံမှ တင်ပြထားပါသည်။

အထည်ချုပ်လုပ်ငန်းရှိ အလုပ်သမားများသည် ယေဘုယျအားဖြင့် တစ်ပတ်လျှင်ခြောက်ရက် အလုပ်ချိန်ရှည်ကြာစွာ လုပ်ရခြင်း၊ စက်ရုံပိုင်ရှင်များနှင့် မန်နေဂျာတို့ထံမှ တောက်လျှောက်ဖိအားပေး အနိုင်ကျင့်ခြိမ်းခြောက်ခံနေရခြင်း၊ နားရက်ယူသည့်အတွက် အချိုးအစားမမျှသော လစာဖြတ်တောက်မှုများ ရင်ဆိုင်နေရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းရေးအဆောက်အဦးတန်ဆာပလာများ မလုံလောက်ခြင်းတို့ဖြစ်နေကြောင်း အစီရင်ခံစာက တွေ့ရှိ ထားသည်။ အဓိကကျသော တွေ့ရှိချက်တစ်ခုမှာ လွန်ခဲ့သည့်တစ်နှစ်ကျော် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှ စတင်ကာ အနည်းဆုံးအခကြေးငွေမူဂါဒ ချမှတ်ကျင့်သုံးခဲ့သော်လည်း တွေ့ဆုံမေးမြန်းခဲ့သည့် အလုပ်သမားများထဲမှ ထက်ဝက်ကျော်က ယင်းမူဝါဒ၏ ဆိုးကျိုးဂယက်များကို ပြောပြကြခြင်းဖြစ်ပြီး ထိုအထဲတွင် လုပ်ငန်းခွင် အခြေအနေများ ပိုမိုတင်းကျပ်လာခြင်း၊ အော်ဒါပြီးရန် ဖိအားပိုမိုများပြားလာခြင်း နှင့်အခြားခံစားခွင့်များမက်လုံးများဆုံးရှုံးသွားခြင်းတို့ပါဝင်သည်။

"အနည်းဆုံးအခကြေးငွေ မူဂါဒကျင့်သုံးတာက အလုပ်သမားလှုပ်ရှားမှုတွေရဲ့ အောင်မြင်မှုတစ်ခုဖြစ်ပေမယ့် အလုပ်သမား အများအပြားအတွက်တော့ လုပ်ငန်းခွင်အခြေအနေတွေ ဆုတ်ယုတ်ကုန်တယ်။ ဘာလို့လည်းဆိုတော့ သူတို့က ပိုမြင့်လာတဲ့ ကုန်ထုတ်လုပ်ရေးရည်မှန်းချက်တွေပြည့်အောင် အခိုင်းခံရပြီး ဖိအားဒဏ်ခံရတာတွေ ပိုများလာတယ်။ အလုပ်ရှင်တွေကဖိအားပေးတာ ပြင်းသထက်ပြင်းလာတယ်"ဟုယခုအစီရင်ခံစာအတွက် ရှေ့ပြေးအသံ၏ သုတေသနမိတ်ဖက်အဖွဲ့ဖြစ်သော အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများအဖွဲ့မှ ကိုသူရိန်အောင်က ပြောသည်။ "အဲဒါကို ထပ်ဆောင်းလိုက်တာက လူနေမှုစရိတ်တွေနဲ့ ကုန်စျေးနှုန်းတွေ မြင့်တက်လာတာတွေ၊ အဲဒီတော့ အခြေခံလစာမြင့်လာပေမယ့် သူတို့ရဲ့ဘဝအဆင့်အတန်းက မြင့်မလာဘူး" ဟု ၎င်းက ဆက်ပြောသည်။

"အနိမ့်ဆုံးကို မြှင့်တင်ပေးခြင်း - မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းအခြေအနေ အစီရင်ခံစာ" ကို အထည်ချုပ်စက်ရုံ အလုပ်သမားများအပြင် အလုပ်သမားသမဂ္ဂဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလုပ်သမားအရေး လှုပ်ရှားသူများ စသည့် အခြားသက်ဆိုင်သူများတို့နှင့် တွေ့ဆုံမေးမြန်းမှုပေါင်း ၂၀၀ ကျော်အပေါ် အခြေခံထားသည်။ ရန်ကုန်တစ်ပိုက်ရှိ စက်မှုဇုန်များကို အဓိကအာရုံစိုက်ထားပြီးပုသိမ်၊ ပဲခူးနှင့် အင်းတကော် တို့လည်းပါဝင်သည်။

အစီရင်ခံစာတွင် သမဂ္ဂများ၌ လွတ်လပ်စွာပါဝင်ခွင့်နှင့် လွတ်လပ်စွာသမဂ္ဂတည်ထောင်ခွင့်ကို ကန့်သတ်သည့် အလုပ်သမားဥပဒေ၏ ချို့ယွင်းချက်များကို ထောက်ပြထားသည်။ "စက်ရုံပိုင်ရှင်တွေအတွက် ခုံသမာဓိကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကို မလိုက်နာဘဲ ဥပေက္ခာပြုဖို့သိပ်လွယ်တယ်" ဟု အလုပ်သမားအချင်းချင်း ရိုင်းပင်းကူညီရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဖြစ်သူ ကိုပြည်ပိုင်ကိုကို (ခ) ကိုသစ်မှ ပြောသည်။ "ဒီတော့ တကယ်လို့ စက်ရုံပိုင်ရှင်တစ်ယောက်က အလုပ်သမားတွေကို သမဂ္ဂထဲပါလို့ အလုပ်ထုတ်ရင်၊ ခုံသမာဓိကောင်စီကလည်း အဲဒီအလုပ်သမားတွေကို ပြန်ခန့်ဖို့ စက်ရုံပိုင်ရှင်ကိုအမိန့်ချရင် စက်ရုံပိုင်ရှင်က ဒဏ်ငွေနည်းနည်းလောက်ဆောင်ပြီး ခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်ကို ဂရုမစိုက်ဘဲနေလိုက်ဖို့ကပိုလွယ်နေတယ်။"

ဤအစီရင်ခံစာက အလုပ်သမားသမဂ္ဂတွင် အဖွဲ့ဝင်မှုပမာဏ အားနည်းနေသည်ကို တွေ့ရှိခဲ့သည်မှာ အံ့သြစရာ မဟုတ်ပေ။ သမဂ္ဂထဲပါဝင်လျှင် အနိုင်ကျင့်ခံရခြင်းနှင့် အလုပ်ထုတ်မည်ဟု ခြိမ်းခြောက်ခံရခြင်းများက အလုပ်သမား အများအပြားကို သမဂ္ဂထဲ မဝင်ဖြစ်စေရန် ဟန့်တားနေပေသည်။

မြန်မာ့အထည်ချုပ်လုပ်ငန်းမှ အလုပ်သမား ၉၀% ကျော်မှာ အမျိုးသမီးများဖြစ်နေသဖြင့် အမျိုးသမီးအခွင့်အရေးများကို ပိုမိုကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်ပေးရေး အာမခံပေးရန်လည်း အထူးလိုအပ်နေသည်။ အစီရင်ခံစာ မိတ်ဆက်ပွဲတွင် မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ကွန်ရက်နှင့် မဟာမိတ်တည်ဆောက်ခြင်း လုပ်ငန်းစဉ် တာဝန်ခံဖြစ်သူ မသွယ်ဇင်တိုး က "မီးဖွားခွင့်ကို ဥပဒေမှာ ပြဋ္ဌာန်းပေးထားပေမယ့်လည်း အမျိုးသမီးတွေဟာ မီးဖွားခွင့်မယူနိုင်ကြဘူး။ ဒါတင်မက အမျိုးသမီးအလုပ်သမား အများစုအတွက် အိုဗာတိုင် အခိုင်းခံရတဲ့အခါ လုံခြုံမှုမရှိတဲ့နေရာတွေကို ဖြတ်ပြီး နောက်ကျမှ အိမ်ပြန်ရတာ ခဏခဏဖြစ်နေတော့ သူတို့အတွက် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံရဖို့၊ အကြမ်းဖက်ခံရဖို့ လွယ်နေတယ်" ဟုပြောသည်။

သုတေသန အစီရင်ခံစာက အထည်ချုပ်လုပ်ငန်း အလားအလာများကို ဆန်းစစ်သုံးသပ်သည့်အခါ အလွန်တရာ အရေးကြီးလှသော ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ဖိအားများကို သတိပြုမိသည်။ ကမ္ဘာ့စီးပွားရေး ဈေးကွက်အတွင်းသို့ ပေါင်းစည်းဝင်ရောက်မှုအရ စက်ရုံများသည် ယှဉ်ပြိုင်နိုင်ရန် ရုန်းကန်ရသည်။ ဝယ်လက်များက ဈေးပေါသည့် ဖက်ရှင်ကို လိုအပ်ရာ စက်ရုံများက အကုန်အကျချွေတာခြင်းကြောင့် အလုပ်သမားများအပေါ် နစ်နာစေသည်။ ထို့ကြောင့်ပင် နိုင်ငံတကာအသိအမှတ်ပြု အလုပ်သမားစံနှုန်းများအား အစိုးရနှင့် စက်ရုံပိုင်ရှင်များက အားပေး မြှင့်တင်မှု ပြုလုပ်ရန်အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် ဝယ်လက်များအနေဖြင့် စည်းရုံးလှုံ့ဆော်ရန်မှာ အရေးကြီးလှပေသည်။

"ဒီဖွဲ့စည်းမှုဖိအားတွေအရ အစိုးရဟာ ဥပဒေကိုပြင်ပြီး ပြည်သူ့ဗဟိုပြုအလုပ်သမားမူဝါဒကို ကျင့်သုံးဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ ဒီမူဝါဒဟာ စက်ရုံအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်နိုင်လောက်အောင် ကျစ်လစ် ခိုင်မာရမှာ ဖြစ်ပါတယ်။ အဲဒါမှ ခုလို နိုင်ငံတကာအသိုင်းအဝိုင်းထဲကို မြန်မာနိုင်ငံ ပြန်လည်ပေါင်းစည်းဝင်ရောက်တဲ့ အရေးကြီးဆုံချက်ကာလမှာ အထည်ချုပ်လုပ်ငန်းဟာ အရှည်တည်တံ့ခိုင်မာထွန်းကားနိုင်မှုရဲ့ စံနမူနာအဖြစ် အဓိက အခန်းကဏ္ဍက ပါနိုင်မှာဖြစ်ပါတယ်၊ ဒါပေမယ့် တိုင်းပြည်မှာ ပိုမိုကျယ်ပြန့်ပြီး သာတူညီမျှဖြစ်တဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနဲ့လည်း အံဝင်ခွင်ကျဖြစ်ရပါမယ်" ဟု ရှေ့ပြေးအသံ၏ ယာယီတာဝန်ခံ ကိုအောင်ခိုင်မင်းကပြောသည်။

အစီရင်ခံစာတွင် မြန်မာအစိုးရ၊ စက်ရုံအလုပ်သမားများ၊ ဝယ်လက်များနှင့်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၊ အလုပ်သမား သမဂ္ဂများနှင့် အလုပ်သမားအခွင့်အရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများ၊ ခုံသမာဓိအဖွဲ့များနှင့် ILO အပါအဝင် စက်မှုလုပ်ငန်းတွင် အဓိကသက်ဆိုင်သူများသို့ အကြံပြုတိုက်တွန်းချက်များ ပေးအပ်ထားပါသည်။

***ထပ်မံသိရှိလိုပါကဆက်သွယ်ရန်-***

အောင်ခိုင်မင်း၊ ယာယီတာဝန်ခံ၊ ရှေ့ပြေးအသံ +၉၅ (၀) ၉၂၆ ၁၀၀ ၉၉၉၅၊ akm@progressive-voice.org (မြန်မာ/အင်္ဂလိပ်)

သူရိန်အောင်၊ ညွှန်ကြားရေးမှူး၊ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများအဖွဲ့၊ +၉၅ (၀) ၉၄၂ ၅၃၀ ၆၀၃၇၊ actionlaborrights@gmail.com (မြန်မာ)

--------------

"ရှေ့ပြေးအသံ" သို့မဟုတ် အင်္ဂလိပ်လို "Progressive Voice" သည် မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် အသွင်ကူးပြောင်းဖွဲ့စည်းခဲ့သည့် လူထုပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးအခြေခံ မူဝါဒသုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး အဖွဲ့ဖြစ်ပါသည်။